# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည့် နိုင်ငံခြားဘဏ်များ ရွေးချယ်ခွင့်ပြုရေး ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့သည့် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ၉-၈-၂၀၁၉ ရက်၊ သောကြာနေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများရွေးချယ်ရေးအတွက် အကြံပေးဝန်ဆောင်မှု ပြုရန် နိုင်ငံတကာအကြံပေးကုမ္ပဏီ (၈) ခုသို့ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ခဲ့ရာ အကြံပေးကုမ္ပဏီ (၄)ခုမှ အဆိုပြုလွှာများ တင်သွင်းခဲ့ကြ ပါသည်။

ယနေ့အစည်းအဝေးတွင် အဆိုပြုလွှာတင်သွင်းခဲ့သည့် နိုင်ငံတကာ အကြံပေးကုမ္ပဏီ(၄)ခု၏ အဆိုပြုလွှာများကို နိုင်ငံခြားဘဏ်ရွေးချယ်ရေး အဖွဲ့က ပဉ္စမအကြိမ်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် စံသတ်မှတ်ချက် များအရ စိစစ်သုံးသပ်ပြီး အမှတ်ပေးဆုံးဖြတ်ခဲ့ရာ Roland Berger Company Limited က အမှတ်အများဆုံးရရှိခဲ့၍ ၎င်းအား မြန်မာနိုင်ငံ၏ တတိယ အကြိမ်မြောက် နိုင်ငံခြားဘဏ် ရွေးချယ်ရေးလုပ်ငန်းတွင် အကြံပေးအဖြစ် ဆောင်ရွက်စေရန် ရွေးချယ်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။